## ဓမ္မခန္ဓာ (၉၂) ည (အလ်–လိုင်းလ်)

ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၅)၊ သုတ်ဒေသနာ (၂၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–

| | |
|---|---|
| ၁။ | **وَاللَّيْلِ إِذَا يَغْشَى۞**<br>ည ၎င်းအား လွှမ်းခြုံစေသော အခါ– |
| ၂။ | **وَالنَّهَارِ إِذَا تَجَلَّى۞**<br>နေ့ ၎င်းအား တောက်ပစေသော အခါ– |
| ၃။ | **وَمَا خَلَقَ الذَّكَرَ وَالْأُنثَى۞**<br>လိင်ဖို၊ လိင်မတို့အား ဖြစ်တည်စေသော အရာ အားဖြင့်– |
| ၄။ | **إِنَّ سَعْيَكُمْ لَشَتَّى۞**<br>ကေန်ပင် သင်တို့၏ လုံးပန်းမှုများကို မတူကွဲပြားစေ၏။ |
| ၅။ | **فَأَمَّا مَن أَعْطَى وَاتَّقَى۞**<br>လက်ဆောင်ပေးတတ်သူ– စည်းစောင့်သူ အတွက်မူ– |
| ၆။ | **وَصَدَّقَ بِالْحُسْنَى۞**<br>သုမင်္ဂလာကို ဖြောင့်မှန်စေ၏။ |
| ၇။ | **فَسَنُيَسِّرُهُ لِلْيُسْرَى۞**<br>ငါသည် သူ့အား လွယ်ကူမှုဆီသို့ လွယ်ကူစေတော်မူပြီ။ |
| ၈။ | **وَأَمَّا مَن بَخِلَ وَاسْتَغْنَى۞**<br>ကပ်စီးနဲလျှက် ကိုယ်လုံပြည့်စုံပြီဟုထင်သူမှာမူ– |
| ၉။ | **وَكَذَّبَ بِالْحُسْنَى۞**<br>သုမင်္ဂလာကို ငြင်းဆန်၏။ |
| ၁၀။ | **فَسَنُيَسِّرُهُ لِلْعُسْرَى۞**<br>ငါအရှင်သည် သူ့အား ခက်ခဲမှုဆီသို့ လွယ်ကူစေတော်မူပြီ။ |
| ၁၁။ | **وَمَا يُغْنِي عَنْهُ مَالُهُ إِذَا تَرَدَّى۞**<br>သူ၏ ကျရှုံးချိန်၌ သူ့ ဥစ္စာပစ္စည်းက သူ့အတွက် မပြည့်စုံစေတော့ချေ။ |

| | |
|---|---|
| ၁၂။ | **إِنَّ عَلَيْنَا لَلْهُدَى**۞<br>ကေန်ပင် လမ်းညွှန်ပေးခြင်းမှာ ငါ၏ ဝန်တာသာ ဖြစ်၏။ |
| ၁၃။ | **وَإِنَّ لَنَا لَلْآخِرَةَ وَالْأُولَى**۞<br>ကေန်ပင် နောင်ဘဝ၊ ရှေးဘဝတို့သည် ငါ့အပေါ်၌သာ တည်၏။ |
| ၁၄။ | **فَأَنذَرْتُكُمْ نَارًا تَلَظَّى**۞<br>သို့ဖြစ်၍ မီးညွန့်တလူလူအကြောင်း သင်တို့အား သတိပေးတော်မူပြီ။ |
| ၁၅။ | **لَا يَصْلَاهَا إِلَّا الْأَشْقَى**۞<br>ယင်းသည် ကံဆိုးသူကိုသာ[၁၀၆၆] လောင်ကျွမ်းစေလတ္တံ့။ |
| ၁၆။ | **الَّذِي كَذَّبَ وَتَوَلَّى**۞<br>သူသည် ငြင်းဆန်၏၊ ထို့နောက် လှည့်သွား၏– |
| ၁၇။ | **وَسَيُجَنَّبُهَا الْأَتْقَى**۞<br>စည်းအစောင့်ဆုံးသူတို့မှ ၎င်းကို ကင်းသန့်စေ၏။ |
| ၁၈။ | **الَّذِي يُؤْتِي مَالَهُ يَتَزَكَّى**۞<br>သူသည် ဥစ္စာပစ္စည်းအား ပေးလှူလျှက် သန့်ရှင်းဖြူစင်စေ၏။ |
| ၁၉။ | **وَمَا لِأَحَدٍ عِندَهُ مِن نِّعْمَةٍ تُجْزَى**۞<br>သူ့ထံ၌ သူ့အား ဂုဏ်ပေး၍ အစားပေးမည့်သူ တစ်ယောက်မျှ မရှိဘဲလျှက်– |
| ၂၀။ | **إِلَّا ابْتِغَاء وَجْهِ رَبِّهِ الْأَعْلَى**۞<br>အထွဋ်အထိပ်ဖြစ်တော်မူသော ကံကြမ္မာရှင်၏ မျက်နှာသာပေးခံရခြင်းကိုသာ ရှာဖွေခဲ့၏။ |
| ၂၁။ | **وَلَسَوْفَ يَرْضَى**۞<br>သူ့အား မကြာမီ ကျေနပ်နှစ်သက်ရစေလတ္တံ့။ |

---

(၁၀၆၆) **الْأَشْقَى အာ့ရှ်ကာဟ်** ဆိုသည်မှာ စိတ်ညစ်ရသူ အကျင့်စာရိတ္တချို့ယွင်းသူ၊ ကတိသစ္စာအား ချိုးဖျက်သူ–ဟု အနက်ပေးပေသည်။